# နေ့စဉ်တိုင်းရင်းသားသတင်းများ စုဆောင်းတင်ပြခြင်း

(No.55 , September 4, 2020)

၁။ NLD အစိုးရလက်ထက် ဒီမိုကရေစီအခွင့်အရေးနှင့် မီဒီယာပိတ်ပင်တားဆီးမှု ပိုမိုများပြားလာကြောင်း (၇၃) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့တွင် NMSP ထုတ်ပြန်

၂။ ကိုဗစ်ကာလမဲဆွယ်ရေးစည်းကမ်းချက်များ အမြန်ဆုံးကြေညာရန် မွန်ပြည်နယ်အခြေစိုက်နိုင်ငံရေးပါတီများတောင်းဆို

၃။ ကယားပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပုဂ္ဂိုလ်ရေးအာဃာတဖြင့် ဆောင်ရွက်ခဲ့ဟု ဒီချုပ်ထုတ်ပြန်

၄။ ရခိုင်နှင့် ရန်ကုန်တွင် ပိုးတွေ့လူနာများလာ၍ UWSA ထိန်းချုပ်ဒေသသို့ ပြည်တွင်းမှ ဝင်ထွက်ခွင့်ပိတ်ပင်

၅။ တာဝန်မှရပ်စဲခံရသည့် ကယားပြည်နယ်ဝန်ကြီးချုပ် ရွေးကောက်ပွဲဝင်ပြိုင်မည်

၆။ တပ်မတော်နှင့်ပတ်သက်သော အကြောင်းအရာများဖော်ပြသည့် Justice For Myanmar ဝက်ဘ်ဆိုက် ပိတ်ဆို့ခံရ

၇။ 'လူ့အသက်ထက် အကျိုးအမြတ်ကိုသာ ကာကွယ်' ဖားကန့်မော်အကြောင်း အစီရင်ခံစာ ထွက်ရှိ

၈။ ကချင်တွင် တပ်မတော်သားသီးသန့် မဲရုံတစ်ရုံသာရှိ၊ ကျန်မဲရုံများ တပ်ပြင်ပအရပ်ဘက်နှင့်အတူထည့်ရမည်

၉။ ရွှေကုက္ကိုလ် စီမံကိန်းတွင် တပ်မတော်ပါဝင်မှုကို စုံစမ်းစစ်ဆေးပေးရန် တောင်းဆို

၁၀။ ကရင်ပြည်နယ်၌ တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်သူ ၂၃ဦး UEC အတည်ပြု

၁၁။ လားရှိုးမြို့နယ်တွင် လူသစ်စုဆောင်းမှုကြောင့် ဒေသခံ၂၀၀ကျော် တိမ်းရှောင်နေရ

၁၂။ ရခိုင်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခြေ မရှိသည့် မြို့နယ်များရှိနေ

၁၃။ ကျောက်တော်မြို့နယ်တွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ တစ်ညအတွင်း အရပ်သား ၈ ဦးဒဏ်ရာရ

၁၄။ နယ်မြေဒေသလုံခြုံမှုမရှိသည့်အတွက် အမ်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာတွင် မဲစာရင်းမကပ်နိုင်

၁၅။ တရုတ်နိုင်ငံက ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်ယွမ်သန်း ၂၀၀ ပေးအပ်မည်

၁၆။ တပ်မတော် စစ်ကြောင်းကြောင့် ကျောက်တော် Quarantine စင်တာ ပျက်စီးဟုဆို

၁၇။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေး တရုတ်ကူညီပေးရန် မဟာမိတ် ၃ ဖွဲ့ တောင်းဆို

၁၈။ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တချို့ ချန်ခဲ့ဖွယ်ရှိ

၁၉။ မိုင်းရယ်တွင် လမ်းသွားလမ်းလာ လူထုထံ ရဲတပ်ဖွဲ့ဝင်များစစ်ဆေး ငွေကောက်ခံ

၂၀။ သျှမ်းပြည်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (၅) ဦး ပယ်ချခံရ

၂၁။ အေအေအဖွဲ့နှင့် ဆက်နွယ်သူ ၁ ဦးကို အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်

၂၂။ မူဆယ်ဒေသခံသုံးဦး အသတ်ခံရမှု အမှန်တရား ပေါ်ပေါက်ဖို့ အရပ်ဘက်အဖွဲ့ ၇၀ တောင်းဆို

၂၃။ ရှမ်းပြည်နယ်မဲစာရင်းမှာ မှတ်ပုံတင်နံပါတ် မရှိသူ ၇ သိန်းကျော်နေ

၂၄။ တိုင်းရင်းသားအလံများစိုက်ထူခဲ့သည့် ဦးစိုးမောင်၏ပါတီကို ပြည်နယ်ရွေးကော်စစ်ဆေးမည်

၂၅။ ပဲခူးတိုင်း အင်းတကော်ရောက် ချင်းစစ်ရှောင်များ အရေးပေါ်အကူအညီလိုအပ်

*************************************

**၁။ NLD အစိုးရလက်ထက် ဒီမိုကရေစီအခွင့်အရေးနှင့် မီဒီယာပိတ်ပင်တားဆီးမှု ပိုမိုများပြားလာကြောင်း (၇၃) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့တွင် NMSP ထုတ်ပြန်**

(စက်တင်ဘာ ၂ ၂၀၂၀)

လက်ရှိအာဏာရ NLD အစိုးရလက်ထက်တွင် ထူးခြားသည့်အပြောင်းအလဲများ ဆောင်ရွက်နိုင်ခြင်းမရှိသလို သမ္မတ ဦးသိန်းစိန်အစိုးရနှင့် နှိုင်းယှဉ်ကြည့်ပါက ပြည်သူများအတွက် ဒီမိုကရေစီအခွင့်အရေးနှင့် မီဒီယာများ၏ ရေးသားပြောဆိုခွင့် ပိတ်ပင်တားဆီးမှု ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်း ယနေ့ကျရောက်သည့် (၇၃) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ မွန်ပြည်သစ်ပါတီ NMSP မွန်ဘာသာဖြင့် ထုတ်ပြန်ချက်တွင် ဝေဖန်ထောက်ပြထားသည်။

ထို့အပြင် NLD အစိုးရအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခဲ့ရာတွင် ပြီးခဲ့သည့် ဩဂုတ် ၁၉ မှ ၂၁ ရက်နေ့အထိ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ခဲ့သော်လည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး သဘောတူညီမှုမရရှိခဲ့ဟု ဆိုသည်။ ငြိမ်းချမ်းရေးအတွက် ရှေးရှု၍ တပ်မတော်မှ ထုတ်ပြန်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလှုပ်ရှားရာဒေသများ အပစ်ရပ်စဲထားမှုကို စက်တင်ဘာလကုန်အထိ သက်တမ်းတိုးလိုက်သည့်အပေါ် မွန်ပြည်သစ်ပါတီက ကြိုဆိုလိုက်သည်။ သို့ရာတွင် ရခိုင်ဒေသတစ်ခုကို ချန်လှပ်ထား၍ ရက္ခိုင့်တပ်တော် AA အား ထိုးစစ်ဆင်နေသည်မှာ မဖြစ်သင့်ဟု ရှုမြင်သည်။

ကောဇာသက္ကရာဇ် ၁၃၁၀ ခုနှစ် (၁၉၄၈) ဝါခေါင်လပြည့်နေ့တွင် ဗိုလ်သိန်းနှင့် နိုင်ပန်းသာ ဦးစီးသော လူငယ်တော်လှန်ရေးရဲဘော် ၃၀ ဦးတို့ ဖားအံမြို့နယ် ဇာသပြင်ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေ့ကိုအစွဲပြု၍ မွန်တော်လှန်ရေးနေ့ အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ (၇၂) နှစ်တိုင် ရှိပြီဖြစ်သည်။

http://burmese.monnews.org/2020/09/02/nld-%e1%80%a1%e1%80%85%e1%80%ad%e1%80%af%e1%80%b8%e1%80%9b%e1%80%9c%e1%80

****************

## ၂။ ကိုဗစ်ကာလမဲဆွယ်ရေးစည်းကမ်းချက်များ အမြန်ဆုံးကြေညာရန် မွန်ပြည်နယ်အခြေစိုက်နိုင်ငံရေးပါတီများ တောင်းဆို

(September 01, 2020)

ကိုဗစ်ကာလ ရွေးကောက်ပွဲမဲဆွယ်နိုင်ရေး လိုက်နာရမည့် စည်းကမ်းချက်များနှင့် မဲဆွယ်ကာလကို အမြန်ဆုံးကြေညာပေးရန် ရွေးကောက်ပွဲကော်မရှင်အား မွန်ပြည်နယ် USDP ပါတီ အတွင်းရေးမှူး ဦးဝင်းမော်ဦးက တောင်းဆိုပြောကြားလိုက်သည်။

လက်ရှိအစိုးရ၏ ကိုဗစ်ကာလ စည်းကမ်းချက်များကြောင့် ပါတီစည်းရုံးရေးလုပ်ဆောင်ရာတွင် အခက်အခဲရှိနေပြီး မဲဆွယ်ကာလအတွက် ရွေးကောက်ပွဲကော်မရှင်က ကိုဗစ်နှင့်ပတ်သက်၍ စည်းကမ်းချက်များထုတ်ပြန်မှသာ မည်သည့်ပါတီများ၏ စည်ရုံးရေးကို တိကျစွာလုပ်ဆောင်နိုင်မည်ဟု ၎င်းကပြောသည်။ လက်ရှိတွင် ကိုဗစ်ကာလဖြစ်သည့်အတွက် မဲရုံများ ထပ်တိုးရန်လိုအပ်နေပြီး ရွေးကောကပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရန် လိုအပ်ကြောင်း မွန်ညီညွတ်ရေးပါတီ တွဲဖက်အတွင်းရေးမှူး ၂ နိုင်စံတင်ကပြောသည်။

မွန်ပြည်နယ်တွင် လက်ရှိအချိန်အထိ မဲပေးခွင့်ရှိသူ တစ်ဆယ့်ခုနစ်သိန်းငါးသောင်းကျော်ရှိပြီး မဲရုံအရေအတွက်ကို ၉၅၀ ကျော်ဖွင့်လှစ်ရန် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက လျာထားသည်။ မွန်ပြည်နယ်တွင် မဲဆန္ဒနယ် ၄၅ နေရာရှိပြီး ၎င်းမဲဆန္ဒနယ်များကို နိုင်ငံရေးပါတီ ၁၇ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ညီညွတ်သော ဒီမိုကရက်တစ်ပါတီများနှင့် မွန်ညီညွတ်ရေးပါတီများအကြား ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း သိရသည်။ http://burmese.monnews.org/2020/09/01/

******************

## ၃။ ကယားပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပုဂ္ဂိုလ်ရေးအာဃာတဖြင့် ဆောင်ရွက်ခဲ့ဟု ဒီချုပ်ထုတ်ပြန်

(September 3, 2020)

ကယားဝန်ကြီးချုပ် အား စွပ်စွဲပြစ်တင်ရာတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲ ပုဂ္ဂိုလ်ရေးအာဃာတဖြင့် ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စက်တင်ဘာ ၃ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

စွပ်စွဲပြစ်တင်မှုဖြစ်စဉ်အ တွက် လွှတ်တော်ဥက္ကဋ္ဌက လာမည့်ရွေးကောက်ပွဲ၌ ဒီချုပ်ကိုယ်စားလှယ်လောင်း အဖြစ် လျာထားရာတွင် ပါဝင်မှုမရှိခြင်း၊ ထိုသို့ လျာထားရာတွင် မပါဝင်သည့် အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ အခြားအစုအဖွဲ့ဝင်ကိုယ်စားလှယ်များ၏ အင်အားကိုပါရယူခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးပုံရိပ်ကို ထိခိုက်စေမည့် အချိန်ကိုက်ဆောင်ရွက် ချက်ဖြစ်ကြောင်း ဒီချုပ်ဗဟိုအ လုပ်အမှုဆောင်အဖွဲ့က သုံးသပ် ထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ အကျိုးကိုရှေးရှု၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရန် ယခုကဲ့သို့ဖြစ်စဉ်မျိုး နောင်တွင်ပေါ်ပေါက်လာခြင်း မရှိစေရန် ကြပ်မတ်ဆောင်ရွက်မည်ဟု ထုတ်ပြန်ကြေညာချက်တွင် ကတိပြုထားသည်။ အဆိုပါ လုပ်ထုံး၊ လုပ်နည်းနစ်ရပ်များယွင်းမှုကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေခုံရုံးကသာ ဖြေ ရှင်းပေးနိုင်မည်ဟု ဒေါက်တာဇော်မြင့်မောင်က မှတ်ချက်ပြုထားသည်။ https://7day.news/detail?id=197870

**************



## ၄။ ရခိုင်နှင့် ရန်ကုန်တွင် ပိုးတွေ့လူနာများလာ၍ UWSA ထိန်းချုပ်ဒေသသို့ ပြည်တွင်းမှ ဝင်ထွက်ခွင့်ပိတ်ပင်

(September 4, 2020)

မြန်မာနိုင်ငံတွင် COVID-19 လူနာများ တိုးလာခြင်းကြောင့် 'ဝ'လက်နက်ကိုင်အဖွဲ့ (UWSA) ထိန်းချုပ်ဒေသသို့ ပြည်တွင်းမှ ဝင်ထွက်ခွင့်ကို စက်တင်ဘာ ၁ ရက်ကစ၍ လုံးဝပိတ်ထားကြောင်း UWSA လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်းက ပြောသည်။ UWSA ဒေသတွင် ယခင်ကတည်းက ရောဂါကာကွယ်ရေး တင်းကျပ်စွာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ ပိုးတွေ့လူနာများ တိုးလာခြင်းကြောင့် ဒေသတစ်ခုလုံးကိုLockdown ချလိုက်ပြီဖြစ် ကြောင်း ၎င်းက ဆိုသည်။

ပြည်တွင်းမှ အဝင်အထွက်ကို ပိတ်လိုက်သော်လည်း 'ဝ'ဒေသ သို့ တရုတ်နိုင်ငံဘက်ခြမ်းမှ ဝင်ရောက်မှုကို စိစစ်ခွင့်ပြု ထားသည်ဟု ၎င်းက ဆိုသည်။ UWSA ထိန်းချုပ်ဒေသသို့ ပြည်တွင်းမှ ဝင်ရောက်ရာလမ်းကြောင်း ခြောက်ခုထက်မနည်းရှိ ရာ မိုင်းလားလက်နက်ကိုင်အဖွဲ့ (NDAA) ထိန်းချုပ်နယ်မြေဘက်က ဝင်ပေါက်ကိုလည်း အဝင်အထွက် လုံးဝပိတ်ပင်ထား သည်ဟု ဦးညီရန်းက ပြောသည်။

ရခိုင်ပြည်နယ်အပါအဝင် ပြည်တွင်း၌ ပိုးတွေ့လူနာများတိုးလာခြင်းကြောင့် ကချင်လက် နက်ကိုင်အဖွဲ့ (KIO/KIA)က လည်း ၎င်းတို့ဒေသတွင်း လူဝင်လူထွက်စစ်ဆေးမှုကို ယခင်ထက် တိုးမြှင့်ဆောင်ရွက်နေကြောင်း KIO အဖွဲ့၏ COVID-19 ကာ ကွယ်နှိမ်နင်းရေး ကော်မတီက ပြောကြားထားသည်။ မြန်မာနိုင်ငံတွင် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းအထိ COVID-19 လူနာ ၁,၀၅၈ ဦးရှိပြီဖြစ်ကာ ခြောက်ဦးသေဆုံးခဲ့သည်။ https://7day.news/detail?id=197829

**************

## ၅။ တာဝန်မှရပ်စဲခံရသည့် ကယားပြည်နယ်ဝန်ကြီးချုပ် ရွေးကောက်ပွဲဝင်ပြိုင်မည်

(September 4, 2020)

ဝန်ကြီးချုပ်ဟောင်းကခေတ္တ ဝန်ကြီးချုပ်ထံ တာဝန်လွှဲပြောင်းမှုကို ပြည်နယ်အစိုးရအဖွဲ့ရုံး၌ စက်တင်ဘာ ၃ရက် ညနေ ၃နာရီတွင် ဆောင်ရွက်ပြီး ပူးတွဲသတင်းစာရှင်းလင်းမှုကိုပါ ပြုလုပ်ခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ သတင်းမီဒီယာ ဌာနအသီးသီး က မေးမြန်းသော မေးခွန်းများကို ဝန်ကြီးချုပ်ဟောင်းရော ခေတ္တဝန်ကြီးချုပ်ပါဖြေကြားခဲ့သည်။

ထို့အပြင် ၎င်းအနေဖြင့် ဝန်ကြီးချုပ်တာဝန်က ရပ်စဲခံရသော်လည်း ဥပဒေအရ ပြည်နယ်လွှတ်တော် အမတ်တစ်ဦးအဖြစ် ဆက်ရှိနေမည်ဖြစ်သည့်အပြင် လာမည့်ရွေးကောက်ပွဲတွင် မူလမဲဆန္ဒနယ်ဖြစ်သည့် မယ်စဲ့မြို့နယ်ပြည် နယ်လွှတ်တော်မဲ ဆန္ဒနယ် အမှတ် (၂)မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဦးအယ်လ်ဖောင်းရှိုကဆို သည်။

ယခုဖြစ်ရပ်များကြောင့် လာမည့်ရွေးကောက်ပွဲတွင် အခက်အခဲလုံးဝမရှိဘဲ ရွေးကောက်ပွဲ၌ အောင်မြင်အောင် ဆောင်ရွက် နိုင်မည်ဟု ယုံကြည်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်က ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုအပေါ် ပြည်နယ်လွှတ်တော်၏ လုပ်ဆောင်ချက် များမှာ လုပ်ထုံး၊ လုပ်နည်း (Procedure) အမှား နစ်ချက်တွေ့ရကြောင်း ပြောသည်။ ဝန်ကြီးချုပ်အပေါ် လွှတ်တော်က စွပ်စွဲပြစ်တင်ရန်လိုအပ်သည့် လွှတ်တော်အမတ်ငါးဦးတွင် လွှတ်တော်အမတ်တစ်ဦး နုတ်ထွက်ခဲ့သည်ကို တွေ့ရသည့် အပြင် ဝန်ကြီးချုပ်ကိုအရေးယူပေးရန် တိုင်ကြားရာတွင် ပါဝင်သူသုံးဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းခဲ့ သည် ကိုပါ တွေ့ရကြောင်းဒေါက်တာ ဇော်မြင့်မောင်က ဆိုသည်။

သို့သော် လွှတ်တော်ကစွပ်စွဲပြစ်တင်ဖြုတ်ချခံရသည့် ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိ အတွက်မူ စိတ်မကောင်းဖြစ်မိကြောင်း ၎င်းကဆိုသည်။ ခေတ္တဝန်ကြီးချုပ်အနေဖြင့် ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် လက်ရှိတာဝန်ယူထားသူဖြစ်သည့်အတွက် ဝန်ကြီးချုပ်အဖြစ် အလုပ်တာဝန်များထမ်းဆောင်ရာတွင် အခက်အခဲတစ်စုံတစ်ရာမရှိဘဲ အကောင်းဆုံးတာဝန်ထမ်းဆောင်နိုင်မည်ဟုယုံကြည်ကြောင်းဝန်ကြီးချုပ်ဟောင်းကမှတ်ချက်ပြုပြောသည်။
https://7day.news/detail?id=197818

****************

## ၆။ တပ်မတော်နှင့်ပတ်သက်သော အကြောင်းအရာများဖော်ပြသည့် Justice For Myanmar ဝက်ဘ်ဆိုက် ပိတ်ဆို့ခံရ

(September 2, 2020)

တပ်မတော်နှင့်ပတ်သက်သော အကြောင်းအရာများကို အဓိကဖော်ပြသည့် Justice For Myanmar ဝက်ဘ်ဆိုက်ကို မြန်မာအစိုးရက ပိတ်ဆို့လိုက်သည်ဟု ယင်းအဖွဲ့အစည်းက ယမန်နေ့တွင် ထုတ်ပြန်သည်။

Justice For Myanmar ဝက်ဘ်ဆိုက်ကို ယခုနှစ်ဧပြီ ၂၈ ရက်တွင် စတင်လွှင့်တင်ခဲ့ပြီး မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုများကို ရှာဖွေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တရားဥပဒေစိုးမိုးမှုကို မြှင့်တင်ရန် တပ်မတော်နှင့် ဆက်နွှယ်နေသည့် သက်သေအထောက်အထားများပါရှိသော အစီရင်ခံစာများကို ထုတ်ပြန်ခဲ့သည်ဟုဆိုသည်။ ၎င်းတို့၏ အစီရင်ခံစာများတွင် တပ်မတော်၏အကျင့်ပျက်ခြစားမှုများ၊ စစ်တပ်စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြပါရှိသည်။

Justice For Myanmar ၏ ဝက်ဘ်ဆိုက်ပိတ်ဆို့ခံရခြင်းနှင့် ပတ်သက်၍ တပ်မတော်၏ သဘောထား မှတ်ချက်ရရှိရန်ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရပေ။ https://7day.news/detail?id=197585

*************

## ၇။ 'လူ့အသက်ထက် အကျိုးအမြတ်ကိုသာ ကာကွယ်' ဖားကန့်မော်အကြောင်း အစီရင်ခံစာ ထွက်ရှိ

(September 03, 2020)

လူပေါင်းများစွာသေဆုံးခဲ့သော ဖားကန့်ဝေ့ခါကျောက်စိမ်းမော် မြေပြိုမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး တပ်မတော်၏တာဝန်ယူမှုပျက်ကွက်မှုကို ထောက်ပြသော "လူ့အသက်ထက် အကျိုးအမြတ်ကိုသာ ကာကွယ်" ဟူသော အစီရင်ခံစာအုပ် ထွက်ရှိခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့ မနက်တွင်ဖြစ်ပွားခဲ့သော မြေပြိုမှုဖြစ်စဉ် ၂ လပြည့်သည့်နောက် စက်တင်ဘာ ၃ ရက်နေ့တွင် ကချင်အမျိုးသမီးအစည်းအရုံးထိုင်းနိုင်ငံ KWAT အဖွဲ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထိုထဲတွင် ဖားကန့်အပါအဝင် တိုင်းရင်းသားနယ်မြေအားလုံးမှ တပ်မတော်ဆုတ်ခွာပေးရန်နှင့် အခြေခံဥပဒေအောက် စစ်မှန်သောငြိမ်းချမ်းရေးနှင့် အာဏာခွဲဝေမှုရှိသည့်အချိန်ထိ စက်ကိရိယာဖြင့် ကျောက်တူးဖော်မှုကို ရပ်ဆိုင်းထားပေးရန် အချက်များကို တောင်းဆိုထားသည်။ ဖားကန့်မြေပြိုမှုဖြစ်စဉ်အပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် သယံဇာတဝန်ကြီးတို့က ရေမဆေးသမားများကိုသာ လောဘသားများအဖြစ်ပုံဖော်နေချိန် ကျောက်စိမ်းမှ အကျိုးအမြတ်ရရှိနေသော တပ်မတော်၏ အခန်းကဏ္ဍကို ဖော်ပြမှု အားနည်းနေခဲ့သည်ဟု ထောက်ပြထားသည်။

ကျောက်စိမ်းစျေးကွက်ကို တရုတ်နိုင်ငံက အဓိကချုပ်ကိုင်နေပြီး အဆိုပါကျောက်စိမ်းများမှာ မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ် ဖားကန့်မှ 'သွေးစွန်းသောကျောက်စိမ်း (Blood Jade)' များဖြစ်သောကြောင့် ဝယ်ယူခြင်းမပြုရန် လွန်ခဲ့

သည့် ၁၀ နှစ်ကျော်အကြာ ၂၀၀၈ ခုနှစ်တွင် 8808 For Burma နှင့် All Kachin Students and Youth Union AKSYU တို့ကလည်း အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့ဖူးသည်။ https://www.bnionline.net/mm/news-75300

***************

### ၈။ ကချင်တွင် တပ်မတော်သားသီးသန့် မဲရုံတစ်ရုံသာရှိ၊ ကျန်မဲရုံများ တပ်ပြင်ပအရပ်ဘက်နှင့်အတူထည့်ရမည်

(September 02, 2020)

ကချင်ပြည်နယ် တစ်ပြည်နယ်လုံးတွင် တပ်မတော်သားသီးသန့်ထည့်ရမယ့် မဲရုံတစ်ရုံသာရှိပြီး ကျန်မဲရုံများမှာ အရပ်ဘက် မဲဆန္ဒရှင်များဖြင့် အတူထည့်ရမယ်ဖြစ်သည်ဟု သိရသည်။ တပ်မတော်သားများမဲထည့်ရမည့် မဲရုံပေါင်း ၅၃ ရုံရှိသည့်အနက် ပူတာအိုရှိ မဲရုံတစ်ရုံသာလျှင် တပ်မတော်သားသီးသန့် ပေးရမည်ဖြစ်သည်ဟု ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် ရုံး(ခွဲ)မှ အရာရှိဦးထွန်းအောင်ခိုင်က ပြောသည်။

တပ်တွင်းမဲရုံများ တပ်ပြင်ထုတ်ကာ မဲထည့်ရန်စီစဉ်နေပြီဖြစ်သော်လည်း ရွေးကောက်ပွဲမတိုင်ခင် တပ်တွင်းသို့ဝင်ရောက် မဲဆွယ်ခွင့်မရှိဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဖြေကြားထားကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီမှ ဒုဥက္ကဌ တရားလွှတ်တော်ရှေ့နေဒေါ်ခွဲဘူက ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံမှုအကြောင်း ဇူလိုင်လ ၄ ရက်နေ့က ကချင်သတင်းဌာန KNG ကို ပြောဆိုခဲ့သည်။

ကချင်ပြည်နယ်တွင် လာမည့် အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီပေါင်း ၁၉ ပါတီရှိပြီး လူဦးရေအားဖြင့် ၁၀သိန်း ၈ သောင်းကျော်ရှိကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်။ https://www.bnionline.net/mm/news-75254

***************

### ၉။ ရွှေကုက္ကိုလ် စီမံကိန်းတွင် တပ်မတော်ပါဝင်မှုကို စုံစမ်းစစ်ဆေးပေးရန် တောင်းဆို

(စက်တင်ဘာ၊ ၃၊ ၂၀၂၀)

ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ကရင်နယ်ခြားစောင့်တပ် (BGF) ထိန်းချုပ်ရာဒေသအတွင်းရှိ ရွှေကုက္ကိုလ်မြို့သစ် စီမံကိန်း တွင် တပ်မတော်၏ပါဝင်မှုကို စုံစမ်းစစ်ဆေးရန် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) က တောင်းဆို လိုက်သည်။

ယောင်ကောင်တွင် စီမံကိန်း မှတ်ပုံတင်ထားသော Myanmar Yatai International Holding Group Co.,Itd က ရွှေကုက္ကိုလ်မြို့သစ် စီမံကိန်းကို တရုတ်အစိုးရ၏ "ခါးပတ်တစ်ကွင်း လမ်းတစ်စင်း" အစီအစဉ် အစိတ် အပိုင်းအဖြစ် ပြောဆိုမှုမှာ မဟုတ်မှန်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ ဩဂုတ်လ ၂၅ ရက် ထုတ်ပြန်ချက်အပေါ် ထောက်ခံကြောင်း၊ ရွှေကုက္ကိုလ်ကို ကာစီနိုအပန်းဖြေမြို့နှင့် အွန်လိုင်းလောင်းကစား နိဗ္ဗာန်ဘုံအဖြစ် တင်စားသော Myanmar Yatai ကုမ္ပဏီ ရင်းနှီးမြှုပ်နှံသူများ၏ လှုံ့ဆော်ကြေညာမှုများကို တရုတ်သံရုံးက တရားမဝင်လောင်းကစား များအပေါ် ခိုင်မာစွာဆန့်ကျင်ကြောင်း သဘောထားရပ်တည်မှုအတွက် ထပ်လောင်းအသိအမှတ်ပြုကြောင်း ကရင်ငြိမ်းချမ်း ရေး အထောက်အကူပြုကွန်ယက်၏ စက်တင်ဘာလ ၃ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရွှေကုက္ကိုလ်စီမံကိန်းကို မြန်မာနိုင်ငံ ဥပဒေပြင်ပမှ နည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်အောင် လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ တပ်မတော်၏ လမ်းညွှန်မှုအောက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အပါအဝင် အဆင့်တိုင်းတွင် တပ်မတော်၏ပါဝင်မှု အခန်း ကဏ္ဍအား စုံစမ်းစစ်ဆေးရန်နှင့် ပွင့်လင်းမြင်သာမှု အပြည့်အဝဖြင့် စုံစမ်းစစ်ဆေးရန် ထုတ်ပြန်ချက်တွင် တောင်းဆိုထား သည်။

ရွှေကုက္ကိုလ်မြို့သစ် စီမံကိန်းကို မြေ ၂၅ ဧကကျော်ပေါ်တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၂ သန်းကျော်ဖြင့် အဆင့်မြင့်လုံးချင်းအိမ်ယာများ တည်ဆောက်ရန်သာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ခွင့်ပြုပေးထားသော်လည်း သတ်မှတ်ချက် ကျော်လွန်ဆောက်လုပ်မှုများ၊ လောင်းကစားဝိုင်းများ ဖွင့်လှစ်ထားခြင်းများရှိနေသည်။ ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်း စုံစမ်းစစ်ဆေးရေး ခုံရုံးအဖွဲ့ဖွဲ့ထားပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဒုတိယဝန်ကြီး ဦးတင်မြင့်က ဥက္ကဋ္ဌဖြစ်သည်။ http://www.mizzimaburmese.com/article/73001

**********************

## ၁၀။ ကရင်ပြည်နယ်၌ တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်သူ ၂၃ဦး UEC အတည်ပြု

(September 2, 2020)

နိုဝင်ဘာ ၈ ရက်တွင် ကျရောက်မည့် ၂၀၂၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ကရင်ပြည်နယ်တွင် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။

တစ်သီးပုဂ္ဂလများအနေဖြင့် အမျိုးသားလွှတ်တော်တွင် (၃)ဦး၊ ပြည်နယ်လွှတ်တော်တွင် (၁၁)ဦး၊ ပြည်သူ့လွှတ်တော်တွင် (၁)ဦးနှင့် တိုင်းရင်းသားလူမျိုးများတွင် မွန် (၁)ဦး၊ ပအိုဝ်း (၃)ဦး၊ ဗမာ (၄)ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း တွေ့ရသည်။

ဩဂုတ်လ ၃၀ရက်စွဲဖြင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပြန်လိုက်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတွင် တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် ပါတီများနှင့်တစ်သီးပုဂ္ဂလများ စုစုပေါင်း ၂၃၃ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။
http://kicnews.org/2020/09/%e1%80%80%e1%80%9b%e1%80%84%e1%80%ba%e1%80%95%e1%80%bc%e1%80%8a%e1%80%ba%e1%80%94%e1%80%9a%e1%80%ba%e1%81%8c

*************

## ၁၁။ လားရှိုးမြို့နယ်တွင် လူသစ်စုဆောင်းမှုကြောင့် ဒေသခံ၂၀၀ကျော် တိမ်းရှောင်နေရ

(September 2, 2020)

ယမန်နေ့ (စက်တင်ဘာ ၁ရက်) ၌ လားရှိုးမြို့နယ်အတွင်းရှိ နောင့်ဖော့ကျေးရွာအုပ်စု ပန်ခန်ကျေးရွာနှင့် နမ့်မော်စော့ ကျေးရွာ ဒေသခံ စုစုပေါင်း (၂၁၈) ဦး တို့သည် လက်နက်ကိုင်အဖွဲ့တဖွဲ့မှ လူသစ်စုဆောင်းမည်ဆိုသည့် သတင်းကြောင့် လားရှိုးမြို့ပေါ်မန်ဆူ သျှမ်းဘုန်းကြီးကျောင်းသို့ထွက်ပြေးတိမ်းရှောင်လာကြကြောင်း သိရသည်။
ထိုလူသစ်စုဆောင်းမှုနှင့်ပတ်သက်ပြီး ပြည်သူလူထုက တိုက်ရိုက်လာရောက်တိုင်ကြားခြင်းမရှိသေးသည့်အတွက် အတည်မပြုနိုင်သေးကြောင်း၊ လူထုတချို့ကလည်း ကြောက်လန့်ပြီး ထွက်ပြေးလာကြခြင်းဖြစ်ကြောင်း စိုင်းဝမ်းလျှန်းခမ်းက ပြောသည်။
သျှမ်းပြည်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များဖြစ်သည့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်(RCSS/SSA) နှင့် တအာင်း (ပလောင်) အမျိုးသားလွှတ်မြောက်ရေးတပ်မတော် (TNLA)၊ ဌာနေပြည်သူ့စစ် နှင့် အစိုးရ တပ်မတော်တို့လှုပ်ရှားသည့် နယ်မြေဖြစ်သည်။ https://burmese.shannews.org/archives/18252

**************

## ၁၂။ ရခိုင်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခြေ မရှိသည့် မြို့နယ်များရှိနေ

(Sep 3, 2020)

ရခိုင်ပြည်နယ်တွင် ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခြေမရှိသည့် မြို့နယ်များရှိနေသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြောသည်။ စက်တင်ဘာလ ၂ ရက်နေ့က နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ပြုလုပ်ခဲ့သည့် ရွေးကာက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးအစီအစဉ်များကို ရှင်းလင်းသည့် သတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် အဆိုပါမြို့နယ်များတွင် ရွေးကောက်ပွဲကျင်းပနိုင်/ မကျင်းပနိုင်ကြောင်းကို ရွေးကောက်ပွဲနီးသည့် အချိန်အခါတွင် အချိန်မီကြေငြာသွားမည်ဖြစ်ကြောင်း ဦးမြင့်နိုင်က ဆက်လက်ပြောကြားသည်။ ယင်းအပြင် ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကို လက်ရှိတွင် ရွှေ့ဆိုင်းရန်မရှိသေးကြောင်းလည်း ဦးမြင့်နိုင်က ဆိုသည်။

ရွေးကောက်ပွဲမကျင်းပနိုင်သည့် မဲဆန္ဒနယ်များကိုလည်း အောက်တိုဘာလအတွင်းတွင် အသိပေးကြေငြာသွားမည်ဖြစ်ကြောင်း ဦးမြင့်နိုင်ကဆိုသည်။ ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာထားသည်။
https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/ykp_kms.html

*************

## ၁၃။ ကျောက်တော်မြို့နယ်တွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ တစ်ညအတွင်း အရပ်သား ၈ ဦးဒဏ်ရာရ

(Sep 2, 2020)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် တစ်ညအတွင်း အရပ်သား ၈ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ယမန်နေ့(စက်တင်ဘာလ ၁ ရက်) ညဦး ၁၂ နာရီအချိန်ခန့်တွင် စစ်တွေမြို့နယ်ဘက်မှ ကျောက်တော်မြို့နယ် ဘက်သို့ ကုလားတန်မြစ်ကြောင်းအတိုင်းလာသည့် တပ်မတော်စစ်ရေယာဉ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ယခုကဲ့သို့ ထိခိုက်ဒဏ်ရာရရှိသွားခြင်းဖြစ်သည်ဟု သင်္ဂနက်ကျေးရွာမှ လုံခြုံရေးအရ အမည်မဖော်လိုသည့် ကျေးရွာသားတစ်ဦးက ပြောသည်။ ယင်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျောက်တော်မြို့နယ်၊ သင်္ဂနက်ကျေးရွာမှ အသက် ၆၀ ကျော် အရွယ်များဖြစ်ကြသည့် ဦးစောသာအောင်၊ ဦးမောင်ဖြူ ၊ ဒေါ်စိန်ကျော့သိန်း၊ ငါ/တပေါင်းကျေးရွာမှ ဒေါ်အေးကျော့သိန်း (၃၆ နှစ်)၊ လမုသားကျေးရွာမှ မဖြူဖွေး (၉ နှစ်)၊ ဂုတ်ပီထောင့်(မွတ်စလင်)ကျေးရွာမှ မာမောက်ရော်ဘီ (၁၇ နှစ်)၊ ဟိုက်ရာမောက် (၄၂ နှစ်)နှင့် အဘုဓျေ (၈ နှစ်)တို့တွင် ဒဏ်ရာအသီးသီး ရရှိ သွားခဲ့သည်။

အဆိုပါ လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ယနေ့ နေ့လည်ပိုင်းအထိ သတင်းထုတ်ပြန်ထားခြင်းမရှိသေးသလို ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ဗိုလ်ချုပ်ထွန်းထွန်းညီတို့အား DMG က ဖုန်းဖြင့်မေးမြန်းရန်ကြိုးပမ်းခဲ့သော်လည်း အဆက်မသွယ်မရရှိခဲ့ပေ။

https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/8inj-kt-cvl.html

***************

## ၁၄။ နယ်မြေဒေသလုံခြုံမှုမရှိသည့်အတွက် အမ်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာတွင် မဲစာရင်းမကပ်နိုင်

(Sep 1, 2020)

တိုက်ပွဲဖြစ်ပွားမှုကြောင့် ရခိုင်ပြည်နယ်တောင်ပိုင်း၊ အမ်းမြို့နယ်၊ ဒလက်အုပ်စုမှ ကျေးရွာ ၁၁ ရွာတွင် နယ်မြေဒေသ လုံခြုံမှုမရှိသည့်အတွက် မဲစာရင်းများမကပ်နိုင်သေးကြောင်း အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်ကပြောသည်။

မဲစာရင်းမကပ်နိုင်သည့် အဆိုပါကျေးရွာများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ဦးရေ ၁ သောင်းခန့်နီးပါး ရှိနိုင်သည်ဟု ဦးကိုကိုမြတ်က ခန့်မှန်းပြောဆိုသည်။ ယင်းအပြင် မဲစာရင်းမကပ်နိုင်သည့်ကျေးရွာများမှ ဒေသခံအများစုသည် တိုက်ပွဲဖြစ်ပွားမှုများကြောင့် သူတို့၏ကျေးရွာများတွင် နေထိုင်ခြင်းမရှိဘဲ တခြားတစ်နေရာကို စစ်ဘေးဒုက္ခသည်အဖြစ်ဖြင့် ထွက်ပြေးတိမ်းရှောင် နေထိုင်နေကြသည်ဟု သိရသည်။ သို့သော်စစ်ဘေးရှောင်များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးချင်စိတ်ရှိကြသော်လည်း မည်သည့်နေရာတွင် မဲပေးရမည်ကို မသိရသေးကြောင်း အမ်းမြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သည့် ဦးစိုးသိန်းက ပြောသည်။

ရခိုင်ပြည်နယ်အတွင်းက စစ်ဘေးရှောင်များ မဲပေးနိုင်ရေးသည် လုံခြုံရေးအခြေအနေနှင့် ရွေးကောက်ပွဲ ကျင်းပမည့်အချိန် နီးကပ်လာသည့်အခြေအနေပေါ်တွင်မူတည်ကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက DMG သို့ ပြောဆိုထားသည်။ လာမည့် ရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ်၌ မဲရုံပေါင်း ၂၆၀၀ ခန့်လျာထားပြီး မဲပေးမည့်လူဦးရေစာရင်း ၁၆ သိန်းကျော်ရှိကြောင်း ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/vote-list-ann.html

*****************

## ၁၅။ တရုတ်နိုင်ငံက ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်ယွမ်သန်း ၂၀၀ ပေးအပ်မည်

(September 04, 2020)

တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေအဖြစ် မြန်မာအစိုးရသို့ ယွမ်သန်း ၂၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်နေသူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာရန်ကျဲ့ချီက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စက်တင်ဘာ ၁ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ထိုသို့ ထုတ်ဖော်ပြောဆိုသွားခြင်း ဖြစ်သည်။

၎င်းတွေ့ဆုံပွဲတွင် မစ္စတာရန်ကျဲ့ချီက ရခိုင်ပြည်နယ်အရေးဖြေရှင်းရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်အားပေးထောက်ခံကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက်ကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်ဟု အစိုးရပိုင် မီဒီယာများက ဖော်ပြသည်။ ရန်ကျဲ့ချီသည် စက်တင်ဘာ ၁ ရက်က မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် နေပြည်တော်တွင် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် ၇၀ ပြည့်မြောက်သည့်နှစ် နှင့် တရုတ်-မြန်မာ ယဉ်ကျေးမှုခရီးသွားနှစ်ဖြစ်ရာ လူမှုယဉ်ကျေးမှုဖလှယ်ရေး ၊ပြည်သူများစိတ်ချင်းဆက်နွယ်ရေးကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၊ တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ဆေး သုတေသနပြုထုတ်လုပ်အောင်မြင်ပါက မြန်မာနိုင်ငံအား ဦးစားပေး အနေဖြင့်မျှဝေပေးသွားလိုကြောင်းပြောကြားခဲ့သည်ဟုလည်းသတင်းတွင်ဆက်လက်ဖော်ပြထားသည်။
https://www.bnionline.net/mm/news-75305

****************

## ၁၆။ တပ်မတော် စစ်ကြောင်းကြောင့် ကျောက်တော် Quarantine စင်တာ ပျက်စီးဟုဆို

(2 September 2020)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သာစည်ကျေးရွာရှိ Quarantine ဝင်နေသူများနှင့် ရွာသားများကို တပ်မတော် စစ်ကြောင်းက ဖမ်းဆီးစစ်ဆေးခဲ့သည့်အတွက် ယင်းစင်တာပျက်စီးသွားခဲ့ရကြောင်း သာစည်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြထွန်းက ပြောသည်။

ဩဂုတ်လ ၃၁ ရက်နေ့ ညနေပိုင်းက တပ်မတော်စစ်ကြောင်း ၁ ကြောင်းက ကျေးရွာ အတွင်းသို့ ဝင်လာခဲ့ပြီး ကျေးရွာသား တချို့နှင့်အတူ Quarantine ဝင်နေသူ လူ ၁၈ ဦးပါ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး ရွာနီးနားချင်း ရွှေပြည်ဘုန်းကြီးကျောင်းတွင် တရက်ကြာ ထိန်းသိမ်း စစ်ဆေးခဲ့ပြီး ယမန်နေ့က ပြန်လွှတ်ပေးခဲ့သည်ဟု ၎င်းက ရှင်းပြသည်။ အဆိုပါ သာစည်ကျေးရွာတွင် Quarantine ဝင်နေသူ ၁၈ ဦးမှာ စစ်တွေဆေးရုံမှ ပြန်လာသူများ၊ တရုတ်နိုင်ငံမှ ပြန်လာ သူများနှင့် ရန်ကုန်၊ မူဆယ် စသည့်နေရာများမှ ပြန်လာသူများ ပါဝင်ပြီး အမျိုးသားများကို စာသင်ကျောင်းတွင် ထားရှိကာ အမျိုးသမီးများကိုမူ နေအိမ်အတွင်း အသွားအလာ ကန့်သတ် ထားရှိခဲ့ကြောင်းလည်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြထွန်းက ဆိုသည်။ လတ်တလောတွင်မူ Quarantine ဝင်ခြင်း ပျက်သွားသလို စင်တာလည်း ပျက်သွားသည့်အတွက် မည်သို့ ဆက်လက် လုပ်မည်ကိုမူ မသိရှိရသေးပါ။

ယမန်နေ့ စက်တင်ဘာလ ၁ ရက်နေ့ က အဆိုပါ AA ဖမ်းဆီးသွားသည့် တပ်မတော်သားအား လိုက်လံရှာဖွေရာတွင် ရွှေပြည်ကျေးရွာအနီးတွင် မိုင်းထောင်နေသော လူ ၁ ဦးအား တွေ့ရှိပြီး လိုက်လံခေါ်ဆောင်ရာတွင် ထွက်ပြေးသဖြင့် သေနတ်ဖြင့် ပစ်ခတ် ဖမ်းဆီးခဲ့ရာ ၎င်းထံမှ လက်လုပ်မိုင်း ၁ လုံးနှင့် လက်ပစ်ဗုံး ၁ လုံး သိမ်းဆည်း ရမိကြောင်းလည်း ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောသည်။ https://burma.irrawaddy.com/news/2020/09/02/229171.html

***************

## ၁၇။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေး တရုတ်ကူညီပေးရန် မဟာမိတ် ၃ ဖွဲ့ တောင်းဆို

(2 September 2020)

တရုတ်ထိပ်တန်းအရာရှိ မြန်မာနိုင်ငံသို့ ရောက်နေချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်း ရှေ့ဆက်နိုင်ရေး တရုတ်က ဆက် ကူညီပေး ရန် ညီနောင်မဟာမိတ် ၃ ဖွဲ့က ထုတ်ပြန်ချက်တစောင်ထုတ်ကာ တောင်းဆိုလိုက်သည်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ၏ နိုင်ငံရေးဗျူရိုနှင့် နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူး မစ္စတာ ယန်ကျီချီသည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၁ ရက်က ရောက်ရှိပြီး နိုင်ငံ့ခေါင်းဆောင်များဖြင့် တွေ့ဆုံနေချိန်တွင် ညီနောင် မဟာမိတ် ၃ ဖွဲ့က ရက်ပေါင်း ၇၀ အပစ်ရပ်ပေးကြောင်း ကြေညာချက် ထုတ်ပြီး ထိုထဲတွင် တရုတ်က ငြိမ်းချမ်းရေး ရှေ့ ဆက်ရန် ကူညီပေးရန်လည်း ထည့်သွင်း ရေးသားထားခြင်း ဖြစ်သည်။

ညီနောင်မဟာမိတ် ၃ ဖွဲ့သည် တအန်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ၊မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA) နှင့် ရက္ခိုင်စစ်တပ် (AA) တို့ စစ်ရေး၊ နိုင်ငံရေး မဟာမိတ် ဖွဲ့ထားသည့်အဖွဲ့ ဖြစ်သည်။ ထို့ပြင် ထုတ်ပြန်ချက်ထဲတွင် အစိုးရနှင့် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးသည့် လုပ်ငန်းများ ရှေ့ဆက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီပေးရန် လိုလားပါကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယခင်က ကူညီခဲ့သည့် အတိုင်း ထပ်မံ ကူညီပေးရန် အလေးအနက် မေတ္တာရပ်ခံပါသည် ဟုလည်း ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

သို့သော် တရုတ်-မြန်မာနယ်စပ်နှင့် တရုတ်-မြန်မာ ကုန်သွယ်ရေး လမ်းမကြီးတလျှောက်တွင် အခြေစိုက် လှုပ်ရှားသည့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များက ၎င်းတို့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရုတ်က ဆွေးနွေးပွဲ ဖြစ်အောင် ကြားဝင် စေ့စပ်ပေးခြင်းသာ ရှိပြီး မည်သို့မည်ပုံ ဆွေးနွေးပြောဆိုရမည်ကို ထိန်းချုပ်ခြင်း မရှိကြောင်းနှင့် ၎င်းတို့၏ နိုင်ငံ ရေး၊ စစ်ရေး လှုပ်ရှားမှုများအပေါ် ဝင်ရောက် စွက်ဖက်ပါကလည်း နာခံစရာ မရှိကြောင်း ငြင်းဆိုထားကြသည်။

https://burma.irrawaddy.com/news/2020/09/02/229175.html

*****************

## ၁၈။ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တချို့ ချန်ခဲ့ဖွယ်ရှိ

(3 September 2020)

Covid-19 ကူးစက်ရောဂါပိုး ဒုတိယလှိုင်းဖြစ်ပေါ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ၂၀၂၀ အထွေထွေရွေး ကောက်ပွဲတွင် မဲဆန္ဒနယ်အချို့အား ချန်ထားခဲ့ဖွယ်ရှိနေကြောင်း သိရသည်။ ရွေးကောက်ပွဲတကြိမ်မျှ ကျင်းပနိုင်ခြင်း မရှိခဲ့သည့် မြို့နယ်များအဖြစ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းမှ ၄ မြို့နယ်နှင့် မိုင်းလားမြို့နယ်တို့ရှိနေပြီး ရခိုင်ပြည်နယ်မှ ၂ မြို့နယ်တွင် လုံခြုံရေးအရကျင်းပနိုင်ခြင်း ရှိမရှိတင်ပြ ဆွေးနွေးမှုရှိကြောင်း စက်တင်ဘာ ၂ ရက်နေ့က သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မ ရှင်(UEC)က ပြောသည်။

ကူးစက်မှုမြန်ဆန်နေသည့် Covid-19 ဒုတိယလှိုင်းသည် ရွေးကောက်ပွဲအပေါ် ရိုက်ခတ်မှုရှိလာနိုင်ကြောင်း သုံး သပ်မှုများ ရှိသော်လည်း လတ်တလောအနေအထားအရ ရွေးကောက်ပွဲရွှေ့ရန် အကြောင်းမရှိကြောင်း UEC က ပြောခဲ့သည်။ ဥပဒေအရ UEC အနေဖြင့် မဲဆန္ဒနယ်တခု(သို့) မြို့နယ်တခုအတွင်း ကျေးရွာအုပ်စုတခုအား ရွေးကောက်ပွဲကျင်းပ နိုင်ခြင်း ရှိ/မရှိ ဆုံးဖြတ်ပိုင်ခွင့်ရှိနေပြီး ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များအား အောက်တိုဘာလတွင် ထုတ် ပြန်မည်ဟုလည်း ပြောခဲ့သည်။

စစ်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများနှင့် မဲစာရင်းမကပ်နိုင်ငံသည့် ကျေးရွာများအများအပြားရှိနေပြီး လက်ရှိ ပြန့်ပွားနေသည့် ကိုဗစ်ရောဂါဃက်ကြောင့်လည်း ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိမည့် အခြေအနေ သည် နှစ်မြို့နယ်ထက်ပင် ပိုနိုင်သလား စဉ်းစားစရာရှိသည်ဟု နိုင်ငံရေးလေ့လာသုံးသပ် သူ ဦးမောင်မောင်စိုးက ပြောသည်။ ယင်းအပြင် ယခုနှစ်တွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကထက် မဲရုံများတိုးချဲ့ဖွင့်လှစ်ထားကြောင်းနှင့် တိုးချဲ့နိုင်ခြင်းမရှိသည့် အခြေအနေတွင် အဆိုင်းများခွဲကာ မဲပေးနိုင်ရန် စီစဉ်းထားကြောင်းလည်း ၎င်းက ပြောခဲ့သည်။

https://www.rabbit-converter.org/Rabbit/

*********************

## ၁၉။ မိုင်းရယ်တွင် လမ်းသွားလမ်းလာ လူထုထံ ရဲတပ်ဖွဲ့ဝင်များစစ်ဆေး ငွေကောက်ခံ

(September 2, 2020)

မိုင်းရယ်မြို့နယ် အမှတ်(၃) ရပ်ကွက် မြို့အထွက်ပြည်ထောင်စုလမ်းမကြီး ( မိုင်းရယ် – ကျေးသီး လမ်း) ပေါ်တွင် ယာယီဂိတ်တစ်ခုထားရှိကာ သင်္ကြန်မတိုင်မီကတည်းက သွားလာနေသည့်လူထုအား ရဲများက ထိုသို့စောင့်ကြပ် စစ်ဆေး နေပြီး ငွေကြေးကောက်ခံနေကြကြောင်း မိုင်းရယ် ဒေသခံ ခွန်လိန် က သျှမ်းသံတော်ဆင့် ကိုပြောသည်။

ထိုသို့စောင့်ကြပ်စစ်ဆေးနေသည့်ရဲတပ်ဖွဲ့သည် မိုင်းရယ်မြို့တွင်းဝင်လာသည့် ကျေးလက်ဒေသခံများထံမှ ငွေကြေးကောက် ခံနေခြင်းဖြစ်ကြောင်း ၊ မြို့တွင်းနေသူ ၊ သိကျွမ်းသူများထံမှမူ ကောက်ခံခြင်းမရှိကြောင်းလည်း ခွန်လိန်က ပြောပြသည်။ ရဲတပ်ဖွဲ့ဝင်များ တရားမဝင် ငွေကောက်ခံမှုနှင့်ပတ်သက်ပြီး မိုင်းရယ်ရဲတပ်ဖွဲ့ထံ သျှမ်းသံတော်ဆင့်မှ ကြိုးစားဆက်သွယ် သော်လည်း ဆက်သွယ်မရခဲ့ပေ။ မိုင်းရယ်ဒေသခံများကမူ သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေး၊ အရေးယူပေးရန် တောင်း ဆိုနေကြသည်။

လွန်ခဲ့သည့် မေလပိုင်းကလည်း လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာရှိ ဝါးတားဂိတ်တွင် နမ့်ပေါင်ဌာနေပြည်သူ့စစ်နှင့် ရဲတပ်ဖွဲ့ ဝင်များပူးပေါင်းကာ ကုန်တင်ယာဉ်များထံ ကားတစီးလျှင် ငွေကျပ် တသောင်းမှ ၂ သောင်းထိ ကောက်ခံခဲ့ကြောင်း သိရ သည်။ https://burmese.shannews.org/archives/18267

****************

## ၂၀။ သျှမ်းပြည်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (၅) ဦး ပယ်ချခံရ

September 1, 20200

လာမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် သျှမ်းပြည်အတွင်းဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများကို စိစစ်ရာတွင် ကိုယ်စားလှယ်လောင်း ၅ ဦး ပယ်ချခံရကြောင်း သိရသည်။ အဆိုပါ ၅ ဦးမှာ ပြည်နယ်လွှတ်တော် ၄ ဦး နှင့် ပြည်သူ့လွှတ်တော် ၁ ဦးတို့ဖြစ်သည်။

ထိုအထဲတွင် ပြည်နယ်လွှတ်တော်နေရာတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) ပါတီ ( ၃ ) ဦး ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ ( ၁ )ဦး နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD ) ပါတီမှ ပြည်သူ့ လွှတ်တော်နေရာတွင် ဝင်ပြိုင်သည့် အမတ်လောင်းတစ်ဦး ဖြစ်ကြောင်း သျှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌဦးထင်ကျော်က သျှမ်းသံတော်ဆင့် ကိုပြောသည်။ သျှမ်းပြည်ရွေးကောက်ပွဲကော်မရှင်တွင် အယူခံပြန်လည် တင်လာ သည့် အမတ်လောင်းတစ်ဦးရှိပြီး ၎င်းမှာ မိုးမိတ်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လောင်းဖြစ်ကြောင်း၊ သို့သော် ၎င်း၏ အယူခံမှာလည်း ပြန်လည် ပယ်ချခံရကြောင်း ဦးထင်ကျော် ကပြောသည်။

လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် သျှမ်းပြည်တွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၀၁၈) ဦးရှိပြီး ပြည်သူ့ လွှတ်တော်မှာ (၂၉၀) ဦး၊ အမျိုးသား လွှတ်တော်မှာ ( ၈၀) ဦး၊ ပြည်နယ်(၁) (၂) မှာ (၆၀၅) ဦး နှင့် တိုင်းရင်းသားဝန်ကြီးနေရာမှာ ( ၄၃) ဦးရှိကြောင်း သျှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ စုံစမ်းသိရှိရသည်။

https://burmese.shannews.org/archives/18217

********************

## ၂၁။ အေအေအဖွဲ့နှင့် ဆက်နွယ်သူ ၁ ဦးကို အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်

(3 September 2020)

အစိုးရကအကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားတဲ့ ရက္ခိုင့်တပ်တော် အေအေအဖွဲ့နဲ့ ပတ်သက်ဆက်နွယ်သူတစ်ဦးကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက အလုပ်နဲ့ ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်ပါတယ်။

အေအေအဖွဲ့နဲ့ ဆက်စပ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ စွဲချက်တင်ခံထားရတဲ့ ကိုအောင်မျိုးဝင်းကို စက်တင်ဘာ ၃ ရက်နေ့က အနောက်ပိုင်းခရိုင်တရားရုံးမှာ အလုပ်နဲ့ ထောင်ဒဏ် ၁၅ နှစ် အပြီးသတ်အမိန့် ချမှတ်ခဲ့တာပါ။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည) နဲ့ ချမှတ်ခဲ့တဲ့အမိန့်မှာ ချုပ်ရက် ထုတ်နုတ်ခံစားခွင့်ပြုခဲ့တယ်လို့ အနောက်ပိုင်းခရိုင် တရားရုံး ပြန်ကြားရေးအရာရှိက ပြောပါတယ်။ ရဲမှူးတင့်ရွှေတရားလိုပြုလုပ်စွဲဆိုထားတဲ့ ကိုအောင်မြတ်ကျော်အပါ အဝင်ရှစ်ဦးအမှုတွဲကနေ ကိုအောင်မျိုးဝင်းကို ရာဇဝတ်ကြီး အမှုအမှတ် ၈၇/၂၀၁၉၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည) နဲ့ သီးခြား တရားစွဲဆိုစစ်ဆေးခဲ့တာဖြစ်ပါတယ်။

ရုံးချိန်းမှာ ၂ တရားခံဖြစ်တဲ့ မယမင်းမြတ်ကိုစစ်ဆေးခဲ့ပြီး နောက်ရုံးချိန်းမှာ တရားခံပြသက်သေတစ်ဦးကို စစ်ဆေးသွားမှာလည်းဖြစ်ပါတယ်။ အေအေအဖွဲ့ကို ငွေကြေးထောက်ပံ့ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ရခိုင်စင်ကာပူအသင်း ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်ချုပ်ထွန်းမြင့်နိုင်ရဲ့ညီ ကိုအောင်မြတ်ကျော်အပါအဝင် ၈ ဦးကို အနောက်ပိုင်းခရိုင်တရားရုံးမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနဲ့ တရားစွဲဆို ထားပါသေးတယ်။

http://burmese.dvb.no/archives/408340

****************

## ၂၂။ မူဆယ်ဒေသခံသုံးဦး အသတ်ခံရမှု အမှန်တရား ပေါ်ပေါက်ဖို့ အရပ်ဘက်အဖွဲ့ ၇၀ တောင်းဆို

(2020-09-02)

တပ်မတော်က ဖမ်းဆီးသွားပြီးနောက် သေဆုံးခဲ့တဲ့ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် ဒေသခံသုံးယောက် အမှုအတွက် တရားမျှတမှုရရှိဖို့နဲ့ အမှန်တရားပေါ်ပေါက်ဖို့ အရပ်ဘက်အဖွဲ့အစည်း ၇၀ က စက်တင်ဘာလ ၁ ရက် မနေ့က တောင်းဆိုလိုက်ပါတယ်။

တအာင်းစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့က ထုတ်ပြန်တဲ့ ဩဂုတ် ၂၆ ရက်နေ့ ကြေညာချက်မှာတော့ ဒေသခံ သုံးယောက်ကို တပ်မ ၉၉ က ဖမ်းဆီးသွားတယ်လို့ ဖော်ပြထားပါတယ်။ ဩဂုတ်လ ၂၇ ရက်နေ့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တအာင်းစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်တွေကို တွေ့ဆုံမေးမြန်းခဲ့တဲ့ တပ်မ ၉၉ တပ်မမှူး ဗိုလ်မှူးကြီး လှမိုးဆိုသူက ပြစ်မှု ကျူးလွန်တယ်လို့ စိစစ်တွေ့ရှိရရင် တပ်က အရေးယူပေးမယ်လို့ ပြောဆိုခဲ့ကြောင်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အဲဒီရွာသားသုံးဦးဟာ ပြီးခဲ့တဲ့ မေ ၂၉ ရက်နေ့က တပ်မ ၉၉ ရဲ့ ဖမ်းဆီးတာခံရပြီးနောက် ၃ လကြာ ပျောက်ဆုံးနေပြီး ဩဂုတ် ၂၀ ရက်နေ့မှာ ရွာသားအချို့က အလောင်းတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ သေဆုံးသွားသူတွေဟာ မူဆယ်မြို့နယ် နမ့်ကတ်ကျေးရွာအုပ်စု၊ မိုင်းဆတ်ရွာသစ်က အသက် ၄၀ အရွယ် ဦးညီလိတ်၊ မန်ကန်ရွာက အသက် ၂၈ နှစ်အရွယ် မိုင်ညီထွန်း၊ နမ့်ခမ်းမြို့ လွယ်မွန်ရွာက မိုင်းအလုံတို့ဖြစ်ပါတယ်။ https://www.rfa.org/burmese/news/to-find-truth-on-killing-of-three-muse-residents-09022020055337.html

***************

## ၂၃။ ရှမ်းပြည်နယ်မဲစာရင်းမှာ မှတ်ပုံတင်နံပါတ် မရှိသူ ၇ သိန်းကျော်နေ

2020-09-03

ရှမ်းပြည်နယ်အတွင်း မဲပေးနိုင်သူစာရင်းကို ပြည့်စုံအောင် ကြိုးစားထုတ်ပြန်ထားပေမယ့် မဲဆန္ဒရှင် ၇ သိန်းကျော်ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်) အမှတ်တွေကို မဖော်ပြနိုင်ခဲ့ဘူးလို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထင်ကျော်က RFA ကို ပြောပါတယ်။

တစ်ပြည်နယ်လုံး မဲပေးနိုင်သူ စုစုပေါင်း ၃၅ သိန်းကျော်ရှိတဲ့အထဲ ၂၀ ရာခိုင်နှုန်းနီးပါးက မှတ်ပုံတင် မရှိတာ ဖြစ်ပါတယ်။ မှတ်ပုံတင် မရှိသူတွေထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကလည်း ပါဝင်ပါတယ်။ မဲစာရင်းမှာ အမည်ပါဝင်နေသူတွေဟာ မှတ်ပုံတင် မပြနိုင်ဘူးဆိုရင်လည်း မဲပေးခွင့် ရရှိဖို့ စီစဉ်ထားတယ်လို့ ဦးထင်ကျော်က ပြောပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးစိုင်းလိတ်ကတော့ နိုင်ငံသားတိုင်း မှတ်ပုံတင် ရရှိရေးဟာ အစိုးရရဲ့ တာဝန်ပဲလို့ RFA ကို ပြောပါတယ်။ လူတိုင်း မှတ်ပုံတင်မရှိရတဲ့ အကြောင်းရင်းတွေထဲမှာ နယ်မြေ မတည်ငြိမ်တာ၊ ရုံးတည်ရှိရာ မြို့နဲ့ အလှမ်းဝေးတာ၊ ဗဟုသုတ နည်းပါးတာတွေလည်း ပါဝင်တယ်လို့ ဦးစိုင်းလိတ်က ပြောပါတယ်။
https://www.rfa.org/burmese/news/shan-voters-no-nrc-09032020060913.html

*****************

## ၂၄။ တိုင်းရင်းသားအလံများစိုက်ထူခဲ့သည့် ဦးစိုးမောင်၏ပါတီကို ပြည်နယ်ရွေးကော်စစ်ဆေးမည်

(Sep 4, 2020)

မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် ဦးစိုးမောင်၏ DNP ပါတီက ပါတီအလံဆိုင်းဘုတ်များစိုက်ထူရာ၌ ပအိုဝ်းအမျိုးသားအလံနှင့် ကရင်အမျိုးသားအလံများကိုပါ ဝန်းရံလျက်စိုက်ထူထားသဖြင့် မွန်ပြည်နယ်ပအိုဝ်းနှင့်ကရင် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက စက်တင်ဘာ ၁ တွင် တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ထိုတိုင်ကြားချက်ကြောင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့က စက်တင်ဘာ ၄ တွင် သွားရောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သထုံခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမောင်ဦးက Myanmar Now ကိုပြောသည်။ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ (DNP) ဥက္ကဋ္ဌ ဦးစိုးမောင်သည် စစ်ဥပဒေချုပ်ဟောင်းလည်းဖြစ်ပြီး ဦးသိန်းစိန်အစိုးရလက်ထက်တွင် သမ္မတရုံးဝန်ကြီး (၁) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဦးစိုးမောင်သည် အမျိုးသားရေးလှုပ်ရှားရန် ဦးတည်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ရဋ္ဌပါလအသင်းဥက္ကဋ္ဌလည်း ဖြစ်သည်။ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီက တိုင်းရင်းသားအလံများ ဝန်းရံစိုက်ထူရခြင်းမှာ ၎င်းတို့၏ပါတီဝင် တိုင်းရင်းသားများက တောင်းဆိုသောကြောင့်ဟု ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဝိတ်က ပြောသည်။

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၏ မူဝါဒမှာ အမျိုးသားရေးပထမဖြစ်ကြောင်း ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် ပါတီမိတ်ဆက်ပွဲတွင် ပါတီဥက္ကဋ္ဌဦးစိုးမောင်က ထုတ်ဖော်ပြောကြားခဲ့သည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်အတွင်းက ပြုလုပ်ခဲ့သည့် ထိုပါတီမိတ်ဆက်ပွဲတွင် ပါတီဝင်အင်အား ၁၂၀၀ ခန့်သာရှိသည်ဟု ဆိုခဲ့သော်လည်း လက်ရှိတွင် ပါတီဝင် လေးသိန်းကျော်ရှိသည်ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဇော်ဝိတ်က ပြောသည်။

https://myanmar-now.org/mm/news/4405

****************

## ၂၅။ ပဲခူးတိုင်း အင်းတကော်ရောက် ချင်းစစ်ရှောင်များ အရေးပေါ်အကူအညီလိုအပ်

(Sep 3, 2020)

တိုက်ပွဲများဖြစ်ပွားနေသည့် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ထွက်ပြေးတိမ်းရှောင်လာပြီး ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်တွင် ရောက်ရှိနေကြသည့် ချင်းတိုင်းရင်းသားစစ်ဘေးရှောင်များအတွက် အရေးပေါ်အကူအညီလိုအပ်နေကြောင်း ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းထံမှ သိရသည်။ အင်းတကော်ရောက် စစ်ဘေးရှောင် ချင်းတိုင်းရင်းသားများကို အရေးပေါ်ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ(RRCCI)က ယာယီတဲများဆောက်လုပ်ရန် ငွေကြေးစိုက်ထုတ်ကူညီပေးနေသော်လည်း စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသား ၂၀ ခန့်အတွက် ပညာသင်ကြားရန် အခက်အခဲရှိနေသည်။

လှည်းကူးမြို့နယ် ဝက်အင်းပေါက်ကျေးရွာအနီးရှိ ယာယီစစ်ရှောင်စခန်းတွင် မြေနေရာအခက်အခဲရှိသဖြင့် အင်းတကော်မြို့နယ် ပဲခူး-တိုက်ကြီးကားလမ်းဘေးရှိ ထီးနန်းကုက္ကားရွာသို့ ဩဂုတ် ၂၉ ရက်တွင် အိမ်ထောင်စု ၁၃ စု လူဦးရေ ၄၅ ဦး ပြောင်းရွှေ့ခဲ့သည်ဟု ဆလိုင်းဝင်းမောင်က ပြောသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်တွင် နေထိုင်သည့် မြိုတိုင်းရင်းသား စစ်ရှောင် ၅၀၀ ကျော်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာတွင် လှည်းကူးမြို့နယ် ဝက်အင်းပေါက်ကျေးရွာသို့ စစ်ရှောင်ခဲ့ကြသည့်နည်းတူ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ခူမီးချင်းတိုင်းရင်းသား စစ်ရှောင် ၁၅၀ ခန့်သည်လည်း မော်ဘီမြို့နယ်အတွင်းသို့ ပြီးခဲ့သည့် ဧပြီလတွင် စစ်ရှောင်ခဲ့ကြသည်။

ရန်ကုန်အခြေစိုက် ချင်းလူသားချင်းစာနာထောက်ထားကူညီပေးရေးအဖွဲ့၏ နောက်ဆုံးရအချက်အလက်များအရ အမ်းမြို့နယ် ဒါးလက်ချောင်းကျေးရွာအုပ်စုမှ ထွက်ပြေးတိမ်းရှောင်လာသည့် ချင်းတိုင်းရင်းသား စစ်ရှောင်အရေအတွက်မှာ ၄၅၀၀ ခန့်ရှိပြီး ရခိုင်ပြည်နယ် အမ်းမြို့နယ်အပြင် မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ စစ်ဘေးရှောင်များအဖြစ် ယာယီခိုလှုံလျက်ရှိသည်။ https://myanmar-now.org/mm/news/4391

***************

မှတ်ချက်။ **သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

***** ပြီး *****